# နဖူးပြင် ဦးတင် ဖူးမြင်ကာ ကန်တော့လိုက်ရပေမယ့်

အရှင်ဥာဏိက

အကြောက်တရားကြောင့် ကိုးကွယ်ယုံကြည်မှုတွေဆိုတာ ပေါ်ပေါက်လာခဲ့ရတယ် (ဘေးလွတ်လိုလို့ လူသားတွေဟာ ကိုးကွယ်မှုအမျိုးမျိုးကိုရှာခဲ့တယ်)။

သို့ပေမယ့် မှန်မှန်ကန်ကန် မကိုးကွယ်တတ်လေတာကြောင့် ဘေးလွတ်ရာသို့မရောက်လေဘဲ ကိုးကွယ်မှုကြောင့် (မိမိတို့ ကိုးကွယ်တဲ့အရာတွေကပဲ) ကိုးကွယ်သူတွေကို တစ်ဖန် ဘေးဖြစ်စေပြန်တယ်။ (ဗုဒ္ဓ)

တစ်ခါက ဒါယကာတစ်ဦးအိမ်ကို ဆွမ်းစားကြွရောက်ခဲ့ရတယ်။ ကြွရောက်ခဲ့ရတဲ့အကြောင်းကတော့ မြန်မာပြည်က ခေတ္တရောက်နေတဲ့ ဆရာတော်တစ်ပါးနဲ့ဆက်စပ်ပတ်သက်ပြီးတော့ပါ။ ဆရာတော်က ဒီအမေရိကမှာတော့ နာမည်အတော်အတန် ကြီးသပေါ့။ စာရေးသူလဲ မြန်မာပြည်မှာရှိနေစဉ်က ကိုယ်ကိုယ်တိုင်လဲစာရေးစာဖတ်ဝါသနာပါ၊ ရဟန်းသံဃာမိတ်ဆွေအပေါင်းအသင်းလဲများ၊ နေရာဒေသအတော်တော်များကိုလဲ အရောက်အပေါက်များတာကြောင့် နာမည်ကြီးဆရာတော် တော်တော်များများကို တွေ့ဘူး ဖူးဘူးပါတယ်၊ အထူးသဖြင့် ပရိယတ်နဲ့ ပဋိပတ်မှာ ထင်ရှားတဲ့ဆရာတော်ကြီးတော်တော်များများကိုပေါ့။ သို့ပေမယ့် ယခုဆရာတော်ရဲ့ အမည်နာမကို စာရေးသူမြန်မာပြည်မှာ ရှိနေစဉ်က မကြားမိဘူးတာ အမှန်ပါ။ အဲ ပြောရရင် ကိုယ်ကြင်လည်ခဲ့တဲ့နယ်ပယ်နဲ့ ဆရာတော်ရဲ့ လုပ်ငန်းရပ်များနဲ့က မဆက်စပ်တာကြောင့်လဲ ဖြစ်နိုင်ပါတယ်။ ဘယ်လိုပဲရှိစေ ဒီအိမ်မှာ ဒီဆွမ်းကိုစားရတာကတော့ ဆရာတော် ဘုန်းရိပ်ကို ခိုလှုံခွင့်ရခဲ့ခြင်းလို့ တိတိကျကျပြောနိုင်ပါတယ်။ ဒီတော့လဲ ဆွမ်းဒကာတွေရဲ့ကျေးဇူးစာရေးသူအပေါ်မှာတင်သွားသလို ဆရာတော်ရဲ့ကျေးဇူးလဲ တစ်နည်းတစ်လမ်းအားဖြင့် ရှိသွားတာလဲအမှန်ပါပဲ။ ကျေးဇူးအတွက် မေတ္တာများပွားရပါတယ်။

ဒါပေမယ့် ဖြစ်ရပ်ကလေးကိုတော့ ဆက်ပါရစေဦး။ ဆွမ်းစားပြီးတော့ ဘုရားခန်းကို တက်ရောက်ဖူးမြင်ဖို့ အိမ်ရှင်များကဖိတ်ကြားတာနဲ့ စာရေးသူတို့အားလုံး ဘုရားခန်းဆီရောက်ခဲ့ပါတယ်။ ဘုရားခန်းကိုရောက်တယ်ဆိုရင်ကိုပဲ သန့်ရှင်းသပ်ရပ်တဲ့အခန်းကျယ်ရယ်၊ လန်းဆန်းလှပလှတဲ့ ပန်းများနဲ့အတူ ရှိနေတဲ့ဘုရားပန်းအိုးတစ်စုံရယ်၊ ကြည်ညိုဖွယ်ရာ တစ်ဆူတည်းသော ဗုဒ္ဓရုပ်ပွားတော်ရယ်ကြောင့် စာရေးသူစိတ်မှာ အတိုင်းမသိ ကြည်နူးနှစ်သက်မှုကို ခံစားခဲ့ရပါတယ်။ ရုပ်ပွားတော်အမျိုးမျိုး၊ နာမည်ကျော်ကြားတဲ့ဆရာတော်ကြီးများပုံတော်က အစုံစုံ၊ ဘိုးတော်ဘွားတော်ပုံများက အသွယ်သွယ် မျက်စိနောက်ဖွယ်မြင်ကွင်းများနဲ့ ရှုပ်ရှက်ခတ်နေလေ့ရှိတတ်လေ့ရှိတဲ့ ဘုရားစဥ်များကိုမြင်ရတာများတဲ့ကြားမှာ ခုလို သပ်သပ်ပယ်ပယ်ကြည်ညိုဖွယ် ရုပ်ပွားတော်တစ်ဆူနဲ့ သန့်ရှင်းသပ်ရပ်တဲ့ မြင်ကွင်းမျိုးကို ဖူးတွေ့လိုက်ရတော့ ပီတိဖြာမိတာဟာ အဆန်းတော့ မဟုတ်ပေဘူးပေ့ါ။ သို့ပေမယ့် စာရေးသူရဲ့ ဒီကြည်နူးစိတ်ကလေးခမျာ သိပ်ပြီးကြာရှည်မခံလိုက်ရရှာပါဘူး။ သာသနာပြုဆရာတော်တစ်ပါးရဲ့ ဩဝါဒများကြားမှာ လေနဲ့အတူပျောက်ကွယ်သွားခဲ့ရပါတယ်။ ဆရာတော်က "ဟ မင်းတို့ ဘုရားခန်းကလဲရှင်းလို့ပါလား၊ သာသနာပွဲလဲမတွေ့ရ၊ မိဆိုင်ဖဆိုင်ဆိုတာလဲမရှိနဲ့၊ ဒါကြောင့် မင်းတို့မိသားစု ခုလိုကြုံရတာပေါ့" တဲ့။ နောက်ပြီး သာသနပြုဆရာတော်က ဆက်လက်ပြီး သာသနာပွဲကို ပြင်ရာမှာ ငှက်ပျောကဘယ်နှစ်ဖီး၊ ကွမ်းကဘယ်နှစ်ရာ၊ ဆေးကဘယ်လိုစသဖြင့် ကန်တော့ပွဲပြင်ရန်နည်းနာနိဿယများကိုလဲ မိန့်ကြားတော်မူခဲ့ပါတယ်။ ပြီးတော့ အဆန်းတကြယ် ထွင်ထားတဲ့ ပုတီးစိတ်နည်းတစ်ခုကို ချီးမြှင့်တာလဲ တွေ့ခဲ့ရပါတယ်။ ပုတီးရေက ဘယ်နှစ်ပတ်ဖြစ်ရမယ်၊ ရက်ကဘယ်လောက်ဆိုတာလဲ အပါအဝင်ပေ့ါ။ အိမ်ရှင်ဒကာမကြီးက သူတရားစခန်းဝင်ပြီး တရားရှုမှတ်ဘူးပါကြောင်း၊ ခုလဲနေ့စဉ်တတ်နိုင်သလောက် ပုံမှန်တရားမှတ်ဖြစ်ပါကြောင်း၊ မေတ္တာလဲပွားများပါကြောင်း လျောက်ထားတော့ ဆရာတော်က မိန့်ပါတယ်။ အော် အဲဒီလို တရားမှတ်ရုံနဲ့

မရသေးဘူးလေ၊ ခု ဘုန်းဘုန်းပြောတဲ့ အရာတွေကိုလဲ လုပ်ဖို့လိုတယ်တဲ့၊ တရားရှုမှတ်ပွားများခြင်းကြောင့်ရတဲ့ ကုသိုလ်တရားထက် အုန်းပွဲငှက်ပျောပွဲဆွဲ ဂါထာမန္တရားရွတ်တဲ့ ကုသိုလ်က ပိုလို့တန်ဖိုးကြီးလေသလားဆိုတာ စဉ်းစားမိဖို့ သင့်လှပါတယ်။ ဆရာတော် စကားတွေကြားရတော့ အော် လုပ်ရက်ပ့ါ ဆရာတော်ဘုရားရယ်လို့ စိတ်ထဲမှာ တီးတိုးရေရွတ်ရင်း သက်ပြင်းအခါခါချလို့နေမိခဲ့ပါတယ်။

သူ့အတိုင်းအတာနဲ့သူ အများကောင်းကျိုးဆောင်လုပ်ငန်းတွေကို လုပ်ဆောင်နေတဲ့ ဆရာတော်တစ်ပါးလဲ ဖြစ်လို့မို့ အပြစ်ဆိုဖို့ကလဲအခက်ပါ။ သို့ပေမယ့် ဘယ်ကျမ်းမှလဲမလာ၊ဘယ်စာမှလဲ မရှိ၊ ဘယ်ပညာရှိ ကဝိစစ်စစ်ကမှလဲ သက်သေမခံတဲ့ ဒီသာသနာပွဲဆိုတာ ဘယ်ပုဂ္ဂိုလ်ကိုရည်ရွယ်ပြီး ဘယ်လိုအဓိပ္ပါယ်နဲ့တင်သဖို့ ညွှန်ပြလေတယ်ဆိုတာကိုတော့ နားမလည်မိအောင်ဖြစ်ရပါတယ်။ ငှက်ပျောပွဲ အုန်းပွဲတွေဆိုတာ လောကီရေးရာ အတွက်မို့ လုပ်သင့်တယ်လို့ယူဆရင်တောင်၊ ဆိုင်ရာပိုင်ရာတွေဆိုတာကို ကိုယ်ယုံကြည်လို့ ကိုကိုးကွယ်တယ် ဆိုရင်တောင် တစ်ခြားတစ်နေရာမှာ သပ်သပ်လုပ်ချင်ရင်လုပ်ပစေပေ့ါ။ သန့်သန့်ရှင်းရှင်းလေးဖြစ်နေတဲ့ ဗုဒ္ဓကျောင်းဆောင်ရဲ့အလှကို မဟုတ်ကဟုတ်ကတွေနဲ့ ရှုပ်ပွစေအောင် ကိုယ်ကိုယ်တိုင် မလုပ်သင့်သလို မသိနားမလည်သူတွေလုပ်ကြစေဖို့ နည်းလမ်းတွေလဲ မပြသင့်ပါဘူး။

စာရေးသူတို့ကိုဆွမ်းဖိတ်တဲ့ မိသားစုမှာဘယ်လိုပြဿနာတွေနဲ့ကြုံနေတယ်ဆိုတာကိုတော့ စာရေးသူ မသိပါဘူး။ မိသားစုမှာ တစ်ခုခုအခက်အခဲနဲ့ ရင်ဆိုင်နေရဟန်ရှိတာကိုတော့ ခန့်မှန်းနားလည်မိပါတယ်။ သူတို့မှာ တွေ့ကြုံရင်ဆိုင်နေရတဲ့ အခက်အခဲရယ်၊ မိန့်ကြားတဲ့ဆရာတော်ရဲ့ အသက်သိက္ခာဂုဏ်ဝါရဲ့ အရှိန်အဝါကြောင့် ဒီအချိန်မှာ ဆရာတော်ဘာကိုပဲအမိန့်ရှိရှိ မလွဲမသွေလိုက်နာလုပ်ကိုင်မဲ့ အနေအထားမျိုးရှိတာကိုလဲ ခန့်မှန်းမိပါ တယ်။ ပုထုဇဉ် ဆိုတဲ့စကားကိုက ကိုးကွယ်ရာဆရာတွေများသူရယ်လို့ ကျမ်းဂန်များမှာ တစ်နည်းအားဖြင့် ဖွင့်ဆို ထားတာရှိပါတယ်။ ဒီတော့ ပုထုဇဉ်ဆိုတာ ပင်ကိုယ်ကမှ ဆရာများရတဲ့အပေါ်မှာ အခက်အခဲနဲ့ ခုလိုကြုံဆုံရတဲ့ အချိန်မျိုးမှာတော့ ပိုပြီးကိုးကွယ်ရာကို ရှာမယ်ဆိုတာ ယုံမှားစရာမရှိပါဘူး။ အဲဒီအချိန်က စာရေးသူရင်ထဲမှာတော့ ဝမ်းနည်းမှုနဲ့အတူ မကြာမီဖြစ်ပေါ်လာတော့မယ့် ဘုရားခန်းတစ်ခုရဲ့ စိတ်နောက်ကြုဖွယ်မြင်ကွင်းကိုလဲ အတွေးထဲမှာ ကြိုတင်မှန်းဆပုံဖော်ကြည့်နေမိခဲ့ပါတယ်။ သာသနာပွဲဆိုတဲ့ အုန်းစိမ်းငှက်ပျောစိမ်းပွဲတွေကစလို့ နောက်ပိုင်းမှာ ဘယ်ကမှန်းလဲမသိ၊ ဘာအကျင့်ကိုကျင့်မှန်းလဲမသိတဲ့ ဘိုးတော်တွေ ဘွားတော်တွေက မြတ်ဗုဒ္ဓသီတင်းသုံးရာ စံကျောင်းတော်ကို တိုးဝှေ့ကာ နေရာယူလာတော့ပေမယ်ရယ်လို့လဲ မျှော်တွေးပြီးစဉ်းစားမိပါသေးတယ်။

အဲဒီအချိန်က စာရေးသူတွေးမိခဲ့တဲ့ အတွေးစအချို့ကို စာဖတ်သူများကိုလဲ ဝေငှလိုက်ပါရစေ။ အဲဒီအတွေး တွေက ဆရာတော်ဆက်လက်မိန့်ကြားနေတဲ့ မန္တာန် ယန္တရား ဂိုဏ်းစကားများကို မကြားတစ်ချက်ကြားတစ်ချက်နဲ့ အတူ မကြာခဏဆိုသလိုတွေ့ကြုံရတတ်လေ့ရှိတဲ့ ဘုရားအနေကဇာတင်ပွဲများဟာလဲ စာရေးသူစိတ်ထဲ တသီ တတန်းကြီး ဝင်ရောက်နေရာယူခဲ့ပါတယ်။ အနေကဇာတင်ရမည့်ဘုရားစဉ်မှာ ဗုဒ္ဓခမျာတစ်ပါးတည်းသာဖြစ်ပေမယ့် ဗုဒ္ဓအဆုံးအမနဲ့ မကိုက်ညီလှတဲ့ အခြားပုံတော်များကိုတော့ အစုံအလင်တွေ့ရလေ့ရှိတတ်တာကိုပါ။ ကိုယ်ကြည် ညိုတဲ့ဘုရား၊ ကိုယ်ဦးခိုက်တဲ့ဘုရား၊ ကိုယ်မြတ်နိုးတဲ့ဘုရားကို သာမန်ပုဂ္ဂိုလ်အမျိုးအစားတွေနဲ့ တတန်းတည်းထား ကာ ကိုးကွယ်မှုပြုကြတာကို မြင်ရတော့ ရင်ထုမနာဖြစ်ရပါတယ်။ စဉ်းစားမိမယ်ဆိုရင် ရှည်ရှည်ဝေးဝေးစဉ်းစားနေဖို့ မလိုပဲ အလွယ်တကူတွေးကြည့်ရုံနဲ့ သိနိုင်တဲ့အရာမျိုးပါ။ သက်တော်ထင်ရှား ဗုဒ္ဓရဲ့အနားမှာ အဲဒီလိုဘုရားစဉ်များ မှာရှိနေတဲ့ ပုဂ္ဂိုလ်အမျိုးအစားတွေကို ပို့ထားပြီး ခဏမျှ စဉ်းစားကြည့်ပါလား။ ကိုယ်ကြည်ညိုတဲ့ သာမန်ရဟန်းတော် တစ်ပါးကိုပင် ကိုယ်မနှစ်သက်တဲ့ လူဝတ်ကြောင်တစ်ဦးနဲ့ ခုံတစ်ခုပေါ်မှာ ပူးတွဲအတူယှဉ်ထိုင်နေခိုက်မှာဆို အနိမ့် တစ်နေရာကနေ ဦးတိုက်ဖို့ ခက်ခဲမှာကို မှန်းဆကြည့်ရင် နားလည်နိုင်မှာပါ။ အဲဒီလို မဟုတ်ကဟုတ်ကတွေနဲ့ ရှုပ်ပွ နေတဲ့ ဘုရားစဉ်များမှာဆို ဘုရားအနေကဇာတင်ဖြစ်လို့ ဘုရားစဉ်မှာ ဗုဒ္ဓပုံတော်ကိုတွေ့မြင်ရတာကြောင့် <u>နှမ်းပြင် ဦးတင် ဖူးမြင်ကာ ကန်တော့လိုက်ရပေမယ့်</u> စိတ်ထဲမှာတော့ နာကျင်ခံခက်စိတ်အပြည့်နဲ့ပါ။

အနှိုင်းမဲ့ဗုဒ္ဓ၊ အတုမရှိတဲ့ဗုဒ္ဓ၊ သပ်ရပ်သန့်ရှင်းမှုကို အလေးပြုတဲ့ဗုဒ္ဓ၊ ဖော်ပြလို့မရနိုင်လောက်အောင် ဂုဏ်ပေါင်းစုံနဲ့ ပြည့်စုံတော်မူတော်မူတဲ့ မြတ်ဗုဒ္ဓခမျာ အချို့သူများရဲ့ လုပ်ရပ်များကြောင့် ကျောင်းဆောင်ကျဉ်းကျဉ်း လေးတစ်ခုထဲမှာ ဘယ်ကလာမှန်းမသိ၊ ဘယ်လိုသူမှန်းလဲမသိ၊ ဘယ်လိုအကျင့်ကိုကျင့်မှန်းလဲမသိတဲ့ သူတွေနဲ့ အတူတကွသီတင်းသုံးစံပယ်ပြီး နေနေရတာ သဘောကျလှမယ် မဟုတ်ဘူးဆိုတာ ကိုယ်ချင်းစာစိတ်အပြည့်နဲ့ နားလည်မိပါတယ်။ ဗုဒ္ဓဆိုတာဘာလဲ၊ ဗုဒ္ဓအဆုံးအမတရားတော်ကဘာလဲ၊ ဗုဒ္ဓရဲ့တပည့်သားသံဃာတော်ဆိုတာက ဘာလဲရယ်လို့ နားလည်တဲ့အသိနဲ့ ကိုးကွယ်နိုင်ကြရင်ဖြင့် အကျိုးတရားဟာ တိုးပွားလေမှာပါ။ သို့မဟုတ်လို့ ဂုဏ်တော်နဲ့ မန္တရား၊ ရတနာသုံးပါးနဲ့ ဂိုဏ်းဆရာ၊ ကျမ်းဂန်လာနဲ့ အကြံအဖန်စကား ခွဲခွဲခြားခြားမသိပါပဲ သူများယောင်လို့ ယောင်ရတာမျိုးကတော့ အကျိုးများလှမယ် မဟုတ်တာကို နားလည်ဖို့ လိုပါလိမ့်မယ်။ လယ်တီဆရာတော်ဘုရားကြီးက နွားဖူးကွဲနဲ့ ဒူးပြဲခံကာ ကိုးကွယ်ပါလဲ ဆရာလွဲက ငရဲအပါယ် အမြစ်တွယ် ဝင်မှုန့်ယ်ရှည်လျားရာ လို့ မိန့်ကြားတော်မူခဲ့ဘူးပါတယ်။ ဆိုလိုတာက ယုံကြည်မှုကြောင့် ဦးတွေအကြိမ်ကြိမ်တိုက်လို့ နဖူးတွေဒူးတွေကွဲပြဲပေမယ့် ညွှန်ပြတဲ့ဆရာလွဲလို့ အလွဲအမှားတွေကိုးကွယ်ခဲ့မယ်ဆိုရင် အပါယ်ငရဲကျရောက်ပြီး သံသရာရှည်နိုင်တယ်ဆိုတာပါ။ သံသရာဆင်းရဲကလွတ်မြောက်လိုလို့၊ ဘေးတွေကလွတ်မြောက်လိုလို့ ကိုးကွယ် ကြရာမှာ ကိုးကွယ်မှုကြောင့် ဘေးဒုက္ခရောက်ရတာမျိုး မဖြစ်စေဖို့ကိုတော့ အထူးသတိပြုကြရမှာပါ။ အဆင်အခြင် ဉာဏ်ခေါင်းပါး ဝိုးတိုးဝါးတား ကိုးကွယ်မှုမျိုးကတော့ နဖူးပြင် ဦးတင် ဖူးမြင်ကာ ကန်တော့လိုက်ရပေမယ့် အကျိုး တရားကတော့ များပြားလှမယ် မဟုတ်ပေဘူး။

ဆရာတော်နဲ့ အိမ်ရှင်များ (စာရေးသူအနေနဲ့ ဘာမှန်းမသိရတဲ့ သူတို့အချင်းချင်းသာ သိနိုင်တဲ့) အိမ်ရှင်များရဲ့ ပြဿနာကို ပြောဆိုပြီးတဲ့ နောက်မှာတော့ စာရေးသူလဲ ပြန်ကြွလာခဲ့ပါတယ်။ ပြန်ခါနီးမှာတော့ သာသနာရဲ့ ထုံးတမ်းစဉ်အတိုင်း ကိုယ့်ထက်အသက်သိက္ခာ ဂုဏ်ဝါကြီးသူကို ဦးတင်ရတာဓမ္မတာမို့ ဆရာတော်ကို ဦးတင်ကာ လက်အုပ်ချီမိုး ရှိခိုးကန်တော့ခဲ့ပါတယ်။ သို့ပေမယ့် ဒီတစ်ခါချီလိုက်ရတဲ့ လက်အုပ်ဟာဖြင့် နဖူးပြင် ဦးတင် ဖူးမြင်ကာ ကန်တော့လိုက်ခဲ့ရသော်လည်း-----

မေတ္တာဖြင့်

အရှင် ဉာဏိက(ဖရီးမောင့်)

၁၀၊၃၀၊၂၀၀၂